## ၂၄။ ပန်းရောင်မီလီဂျပိုး/ပိုးစေးနဲ့

**Pink hibiscus mealy bug:** ***Maconellicoccus Hirsutus*** **(Green, 1908)**

**Hemiptera: Pseudococcidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ






အကောင်ကြီးအမ၏ ခန္ဓာကိုယ်သည်ပျော့ပြီး ပန်းရောင်ဖြစ်ကာ ဘဲဥ ပုံရှိပြီး အနည်း ငယ်ပြားသည်။ အထီးတွင် အတောင်ပံတစ်စုံပါ၊ ရှည်လျားသောဥမှင်နှင့် အ နောက်ဘက်တွင် ထိုးထွက်နေသော အဖြူရောင်အမျှင်တစ်စုံပါရှိသော်လည်း ပါးစပ်အစိတ်အ ပိုင်းမပါရှိပါ။

### ဖျက်ဆီးပုံလက္ခဏာများ



ဖျက်ပိုးသည် အပင်အားအဆိပ်ဖြစ်စေသော ၄င်းတို့၏ တံတွေး ထိုးသွင်းပြီး စား သောက် ဖျက်ဆီးသည်။ အပင်ပုခြင်း၊ ဆစ်ကြားများတိုခြင်း၊ အရွက်များပြန့်ကားနိုင်စွမ်းလျော့ကျ ခြင်း များဖြစ်ပေါ်စေသည်။အရွက်များကြွေကျခြင်း၊ အပင်များသေဆုံးခြင်းအထိပါ ဖြစ်ပေါ်စေ သည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – **(** ၆–၉**)** ရက်

ပိုးမမည် အဆင့် – **(**၃၀)ရက်

အကောင်ကြီး အဆင့် – **(**၂–၃**)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)မီလီဂျပိုး (ပိုးစေးနဲ့) ကျရောက်မှုအား စဉ်ဆက်မပြတ် ကင်းထောက်စစ်ဆေးပါ။

(၂)ဖျက်ပိုးစတင်ကျရောက်သည်ကို တွေ့ရှိပါက ပြင်းထန်စွာကျရောက်နေသော အကိုင်းအခက်များအား ဖြတ်၍ ချက်ချင်းမီးရှို့ ဖျက်ဆီးပါ။

(၃) မီလီဂျပိုး (ပိုးစေးနဲ့) များသည် တစ်နေရာ မှ တစ်နေရာသို့ ထိဆက်နေသော သစ်ကိုင်းများမှ တဆင့် လမ်းလျှောက်ကူးစက်နိုင်သောကြောင့် ကိုင်းကျပ်ကိုင်းညှပ်များ နှင့် တစ်ပင်နှင့်တစ်ပင် ထိဆက်နေသော ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပါ။

(၄)သဘာဝသားရဲအင်းဆက်များအား ထိန်းသိမ်းကာကွယ်ပါ။

(၅)အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့)ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- အဆီတာမီပရစ် (Acetamiprid)
- ကာဘာရိုင်း(Carbary)